- ရန်ကုန်တိုင်းခရီးသွားလာရေးလုပ်ငန်းရဲ့ လာဘ်ကောင်ဖြစ်တဲ့ ပစ်တိုင်းထောင်ရုပ်ကို ခရီးသွား tourist များသဏ္ဍာန်သရုပ်ဖော်ထားရာမှာ tourist များရဲ့ ဦးထုပ်ကို စံနမူနာယူရေးဆွဲထားပြီး ခရီးသွားအများစုအသုံးပြုလေ့ရှိတဲ့ ဘီးတွန်းခရီးဆောင်အိတ် ကို ထည့်သွင်းပေးထားခြင်း ဖြစ်ပါတယ်....

- နိုင်ငံတကာရန်ကုန်မြို့ သို့ လာရောက် အပန်းဖြေလည်ပတ်ချိန်မှာ အများဆုံးသုံးစွဲသော transportation ဖြစ်သည့် လေကြောင်းလိုင်းကို ကိုယ်စားပြုသောအားဖြင့် လေယာဉ်ပုံ ကို ထည့်သွင်း အသုံးပြုထားပြီး လေယာဉ်၏ အရောင်ကို ရန်ကုန်တိုင်းဒေသကြီး၏ ကိုယ်စားပြုအရောင်ကို အသုံးပြုထားပါတယ်....

- ကားလမ်းကြောင်းနှင့် ကားပုံသည် ရန်ကုန်မြို့တွင်း သွားလာရာတွင် အသုံးပြုသည့် အဓိက Public transportation ဖြစ်သည့် Yangon Bus Service (YBS) ကို ကိုယ်စားပြု ထည့်သွင်းထားခြင်းဖြစ်ပါတယ်...

- ရန်ကုန်တိုင်းဒေသကြီးအတွင်းတွင် အဓိက Tourist Attraction နေရာများဖြစ်သော ရွှေတိဂုံ စေတီတော်နှင့် ကရဝိတ်နန်းတော် တို့ကို ထည့်သွင်းထားပြီး Golden Land ဟုလူသိများသော နိုင်ငံဖြစ်သည့်အတွက် ရွှေရောင်ကိုသာ အများဆုံးအသုံးပြု ဖန်တီး ထားခြင်းဖြစ်ပါတယ်..

- ရန်ကုန်တိုင်းဒေသကြီး ခရီးလာမှု မြှင့်တင်ရေးအတွက်ရေးဆွဲသော Logo ဖြစ်သောကြောင့် မြန်မာနိုင်ငံမြေပုံကို ထည့်သွင်းရေးဆွဲပြီး ရန်ကုန်တိုင်းဒေသကြီး၏ ကိုယ်စားပြု အရောင်ကို အသုံးပြုထားပါတယ်.....